# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၅၇

| | | |
|---|---|---|
| ၁။ ကိုကျော်ကျော်မြင့် <br> ၂။ မသိမ့်သိမ့်ဦး <br> ၃။ မသင်းသင်းအေး | နှင့် | ၁။ ခုံသမာဓိကောင်စီ <br> အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန <br> အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် <br> ပြည်သူ့အင်အားဝန်ကြီးဌာန <br> ၂။ ခုံသမာဓိအဖွဲ့ <br> အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန <br> ရန်ကုန်တိုင်းဒေသကြီး <br> ၃။ ဒေါ်ကျင်အေး |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

| | | |
|---|---|---|
| လျှောက်ထားသူအမှတ်(၁)အတွက် | - | ကိုယ်တိုင် |
| လျှောက်ထားသူအမှတ်(၂၊၃)အတွက် | - | ကိုယ်တိုင်(မလာ)၊ လျှောက်ထားသူ(၂၊၃)အတွက် လျှောက်ထားသူအမှတ်(၁)မှ ရေးသားလျှောက်လဲချက်တင်သည်။ |
| လျှောက်ထားခံရသူအမှတ်(၁)အတွက် | - | ဒေါ်ယုယုခင်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူအမှတ်(၃)အတွက် | - | ဦးအောင်ကျော်မိုး၊ တရားလွှတ်တော်ရှေ့နေ |

### အမိန့်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၁၅ ရက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၁)ရှိ ဟန်ဂျင်းအထည်ချုပ်စက်ရုံပိုင်ရှင် ဒေါ်ကျင်အေးနှင့် အလုပ်သမား ကိုကျော်ကျော်မြင့်ပါ-၃ ဦးတို့၏ အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုဖွင့်လှစ်စစ်ဆေးခဲ့ရာ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ဆုံးဖြတ်ချက်များကို အလုပ်သမားကိုကျော်ကျော်မြင့် ပါ-၃ ဦးတို့က ကျေနပ်မှုမရှိ၍ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ပေးပါရန်လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားမှုအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့က လျှောက်ထားသူကိုကျော်ကျော်မြင့်သည် ခိုက်ရန်ဖြစ်ပွားခြင်း၊ ကိုယ်ထိလက်ရောက်ပြုမှုခြင်း

ကြောင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ပါ ကြီးလေးသော ပြစ်မှုကျူးလွန်ခြင်းဖြစ်၍ ၎င်းအား အလုပ်ထုတ်သည့်အမိန့်ကို အတည်ပြုခဲ့သည့်ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟုလည်းကောင်း၊ စီရင်ပိုင်ခွင့်အာဏာကိုကျော်လွန်၍ ဆောင်ရွက်သည်ဟု လည်းကောင်း ကောက်ယူခြင်းမပြုနိုင်ကြောင်း၊ သို့ရာတွင် ခုံသမာဓိကောင်စီသည် လျှောက်ထားသူ မသင်းသင်းအေးနှင့် မသိမ့်သိမ့်ဦးတို့ကို အလုပ်ခန့်ထားမှုသဘောတူညီချက်ပါ ကြီးလေးသောပြစ်မှုကို ကျူးလွန်ခြင်းမရှိဟုသုံးသပ်ထားပါလျက် ခုံသမာဓိအဖွဲ့က မသင်းသင်းအေးနှင့် မသိမ့်သိမ့်ဦးတို့အား မူလရာထူးတွင်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်ခဲ့သည့်ဆုံးဖြတ်ချက်ကို ခုံသမာဓိကောင်စီကပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်သင့်ကြောင်းသုံးသပ်ပြီး အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့်ရန် မသင့်ကြောင်းအကြောင်းပြစေရန် လျှောက်ထားခံရသူအမှတ်(၁) ခုံသမာဓိကောင်စီနှင့် လျှောက်ထားခံရသူအမှတ်(၃) ဒေါ်ကျင်အေးတို့ထံ အကြောင်းကြား စာထုတ်ဆင့်ခဲ့သည်။

လျှောက်ထားခံရသူအမှတ်(၁)အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက သက်သေထွက်ဆိုချက်များအရ အလုပ်သမားများ နှစ်ဖက်စကားအခြေအတင် ဖြစ်ကြရာမှ ကိုကျော်ကျော်မြင့်ကလက်ပါလာ၍ ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း၊ ကြားမှဝင်ရောက်ဖျန်ဖြေသူ အလုပ်သမား ၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ကိုကျော်ကျော်မြင့် တစ်ဦးတည်းသာကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့၍ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ပါ အလုပ်သမားများလိုက်နာရမည့် စည်းကမ်း သာမန်ပြစ်မှု၏အမှတ်စဉ် ၁၄ ကို ကျူးလွန်ခဲ့ကြောင်းတွေ့ရှိရပြီး လစာကိစ္စဆွေးနွေးရာတွင်ပါဝင်သည့် မသင်းသင်းအေး၊ မသိမ့်သိမ့်ဦးနှင့် ကျန်အလုပ်သမားများမှာ ခိုက်ရန်ဖြစ်ပွားရာ ရှုန်းရင်းဆန်ခတ် အခြေအနေတွင်ပါဝင်ပတ်သက်ခဲ့သူများသာဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အချင်းဖြစ်နေ့က အစည်းအဝေးခန်းတွင် ခိုက်ရန်ဖြစ်ပွားကြောင်း ကိုကျော်ကျော်မြင့်တစ်ဦးတည်းကသာကိုယ်ထိလက်ရောက်ကျူးလွန်ကြောင်းသုံးသပ်ကာ ကိုကျော်ကျော်မြင့်အား အလုပ်ရှင်ကအလုပ်မှ ထုတ်ပယ်သည့်အမိန့်ကိုအတည်ပြုခဲ့ပြီး မမို့မို့သွယ်နှင့် လျှောက်ထားသူ မသင်းသင်းအေး၊ မသိမ့်သိမ့်ဦးတို့သည် ပြန်လည်တုံ့ပြန်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း မပေါ်ပေါက်၍ မူလရာထူးတွင် ပြန်လည်ခန့်ထားရန် ရက်ပြည့်လုပ်သောလုပ်ခလစာဖြင့်ပေးချေရန်ဆုံးဖြတ်ခဲ့ခြင်းသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ပါ စည်းကမ်းချက်နှင့်အညီဖြစ်ကြောင်း၊ လျှောက်ထားသူမသင်းသင်းအေးနှင့် မသိမ့်သိမ့်ဦးတို့သည် ခိုက်ရန်ဖြစ်ပွားရာတွင်ပြန်လည်တုံ့ပြန်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းမရှိကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ပါကြီးလေးသောပြစ်မှုကို ကျူးလွန်ခြင်းမရှိဟုသုံးသပ်ထားပါလျက် မသင်းသင်းအေးနှင့် မသိမ့်သိမ့်ဦးတို့အားမူလရာထူးတွင် ပြန်လည်ခန့်ထားရန်ဆုံးဖြတ်ချက်ကိုပယ်ဖျက်ခဲ့ပြီး ၎င်းတို့နှစ်ဦးအား နို့တစ်ကြေးလစာနှင့် အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ပေးကာ အလုပ်မှထုတ်ရန်ဆုံးဖြတ်ခဲ့သည့် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅ နှင့် ညီညွတ်ခြင်းမရှိကြောင်း၊ အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားမှုအပေါ် ဥပဒေနှင့်အညီသင့်မြတ်သည့် အမိန့်တစ်ရပ်ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ်(၃)၏တရားလွှတ်တော်ရှေ့နေက အချင်းဖြစ်နေ့က ဟန်ဂျင်းစက်ရုံအတွင်း ကိုကျော်ကျော်မြင့်က မငြိမ်းငြိမ်းအိကို ကိုယ်ထိလက်ရောက်ကျူးလွန်ရာ ကြားမှဝင်ကာသူ ကိုဇော်မင်းအောင်နှင့် မောင်ဝင်းနိုင်တို့တွင် ဒဏ်ရာရရှိခဲ့ကြောင်း သက်သေထွက်ချက်များအထင်အရှား ရှိပါလျက် ရန်ဖြစ်ကြောင်းသက်သေအထောက်အထားမရှိဟု လျှောက်ထားသူမှတင်ပြခြင်းသည် မမှန်မကန်တင်ပြနေခြင်းသာဖြစ်ကြောင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ကြေညာချက်အမှတ် ၁/၂၀၁၅ တို့အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန် ညွှန်ကြားခဲ့ကြောင်း၊ ထိုညွှန်ကြားချက်အပိုဒ် ၁၄ တွင် လုပ်ငန်းခွင်အတွင်းဝန်ထမ်းအချင်းချင်းကိုယ်ထိလက်ရောက်ခိုက်ရန်ဖြစ်ပွားခြင်း၊ ရှုန်းရင်းဆန်ခတ်

(ဂ) မောင်ဇော်မင်းအောင်၊ မသူဇာဝင်းနှင့် မအေးအေးအောင်တို့အား အလုပ်ပြန်လည်ဝင်ရောက်ရန် တောင်းဆိုလာပါက မူလအလုပ်တာဝန်တွင် ပြန်လည်ခန့်ထားရန်နှင့် ရက်ပြည့်လုပ်သောလုပ်ခလစာဖြင့် ပေးချေရန်နှင့် ယင်းငွေသည် တစ်နေ့ ၃၆၀၀ ကျပ်နှုန်းထက်မနည်းစေရန် ၁၆-၁၀-၂၀၁၅ နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို အလုပ်ရှင်နှင့် အလုပ်သမားကိုကျော်ကျော်မြင့်ပါ-၆ ဦး နှစ်ဖက်စလုံးမှကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့တင်သွင်းအယူခံခဲ့သည်။ ခုံသမာဓိကောင်စီက အငြင်းပွားမှုအမှတ် ၅၂/၂၀၁၅ ဖွင့်လှစ်ပြီး အငြင်းပွားမှုဖြစ်စဉ်နှင့် ခိုက်ရန်ဖြစ်ပွားမှုအခြေအနေကိုကြည့်ပါက ကိုကျော်ကျော်မြင့်က ဒေါသအလျောက် ကိုယ်ထိလက်ရောက်စတင်ကျူးလွန်သည့် သဘောရှိကြောင်း၊ ထိုခိုက်ရန်ဖြစ်ပွားမှုကို နှစ်ဖက်ဖြစ်ပွားသည့်ရန်ပွဲ အဖြစ်သတ်မှတ်ရန်မဖြစ်နိုင်ကြောင်း၊ ကိုကျော်ကျော်မြင့် မှအပ ကျန်အလုပ်ထုတ်ခံရသည့်အလုပ်သမားများမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ပါ ကြီးလေးသောပြစ်မှုအဖြစ် သတ်မှတ်ထားသည့် အမှတ်စဉ် ၄ ကို ကျူးလွန်မှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ အလုပ်သမားများ အလုပ်ပြန်လည်ရရှိနိုင်မှုအခြေအနေကို သေချာစွာစိစစ်သုံးသပ်လျက် အလုပ်ပြန်လည် ခန့်ထားရန်ထက် နှိုတစ်ကြေးအပါအဝင် အလုပ်ထုတ်နစ်နာကြေးပေးခြင်းကသာ ၎င်းတို့အတွက် ပိုမို အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်းသုံးသပ်၍ အလုပ်သမားကိုကျော်ကျော်မြင့်အား အလုပ်မှထုတ်ပယ် ခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်အမှတ်(၁)(က)ပါဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း၊ ယင်း၏ဆုံးဖြတ်ချက်အမှတ် (၁) (ခ) နှင့် (ဂ) တို့ကိုပယ်ဖျက်၍ ကျန်အလုပ်ထုတ်ခံရ သောအလုပ်သမား ၅ ဦးဖြစ်သည့် မသင်းသင်းအေး၊ မသိမ့်သိမ့်ဦး၊ မမို့မို့သွယ်၊ မသူဇာဝင်းနှင့် မအေးအေးအောင်တို့ ၅ ဦးအား နှိုတစ်ကြေးတစ်လစာအပါအဝင် တစ်လရက်ပြည့်လုပ်ကိုင်ခဲ့သည့် ၈/၂၀၁၅ လစာ(OT မပါ)ဖြင့် တစ်ဦးချင်းစီ၏လုပ်သက်အလိုက်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံ ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၅ နှင့်အညီ အလုပ်ထုတ်နစ်နာကြေး တွက်ချက်ခံစားခွင့်ပေးရန် ၁၆-၁၁-၂၀၁၅ နေ့တွင်ဆုံးဖြတ်ခဲ့သည်။

ခုံသမာဓိကောင်စီသည် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင် ဆုံးဖြတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူအမှတ်(၁) ခုံသမာဓိကောင်စီ၏ပြန်ကြားအစီရင်ခံစာ အပိုဒ် ၇၊ ၈၊ ၁၀ နှင့် ပြန်လှန်ကျမ်းကျိန်လွှာအပိုဒ် ၁၁၊ ၁၂၊ ၁၄ တို့တွင် အလုပ်ရှင်၏အရေးယူ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ဟန်ဂျင်အထည်ချုပ်စက်ရုံ၏ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် ပါအလုပ်သမားများလိုက်နာရမည့်စည်းကမ်း၊ သာမန်ပြစ်မှုများ၊ ကြီးလေးသောပြစ်မှုတို့ကိုကိုင်စွဲပြီး အချင်းဖြစ်ပွားရာ၌ပါဝင်သူ နှစ်ဖက်အလုပ်သမားများကို ပိုင်ရှင်ဖြစ်သူက စီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်ဘောင် အတွင်းမှအရေးယူလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ကိုကျော်ကျော်မြင့်မှအပ ခိုက်ရန်ဖြစ်ပွား ရာတွင်ပါဝင်ခြင်းကြောင့် အလုပ်မှထုတ်ပယ်ခံရသူ မသင်းသင်းဦးပါ-၇ ဦးတို့သည် ကိုယ်ထိလက်ရောက် ကျူးလွန်သူများမဟုတ်သော်လည်း အလုပ်ရုံအတွင်းခိုက်ရန်ဖြစ်ပွားရာတွင် ရှုန်းရင်းဆန်ခတ်အခြေအနေ အတွင်းပါဝင်ပတ်သက်ခဲ့မိသူများဖြစ်၍ ကိုကျော်ကျော်မြင့်အား အလုပ်မှထုတ်ပယ်ခဲ့သည့်နည်းတူ ၎င်းတို့ အနေဖြင့်နစ်နာကြေးတစ်စုံတစ်ရာမရဘဲ အလုပ်မှထုတ်ပယ်ခံရခြင်းမျိုးမဖြစ်စေရန် ၎င်းတို့၏လုပ်သက်ကို ပါငွဲကွက်၍ အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ပြုရန်ဖြစ်ကြောင်း ရှင်းလင်းအကြောင်းပြထားသည်ကို တွေ့ရသည်။

လျှောက်ထားသူအမှတ် (၁) အား အလုပ်ရှင်မှ အလုပ်မှထုတ်ပယ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ခုံသမာဓိအဖွဲ့၏အတည်ပြုကြောင်းဆုံးဖြတ်ချက်နှင့် ယင်းဆုံးဖြတ်ချက်ကိုအတည်ပြုခဲ့သည့် ခုံသမာဓိ ကောင်စီ၏ဆုံးဖြတ်ချက်တို့သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ဆိုနိုင်မည်မဟုတ်ကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့မှ သုံးသပ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည့်အတွက် ဤ လျှောက်ထားမှုတွင် လျှောက်ထားသူအမှတ်(၂)နှင့်(၇) တို့နှင့်ပတ်သက်၍သာ ခုံသမာဓိကောင်စီ၏ သုံးသပ်ဆုံးဖြတ်ချက်သည် ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်မှုရှိ မရှိသုံးသပ်ရန်ဖြစ်သည်။

အချင်းဖြစ်ပွားမှုတွင် လျှောက်ထားသူအမှတ်(၂)နှင့်(၃)တို့သည် ခိုက်ရန်ဖြစ်ပွားမှုအပေါ် ပြန်လည်တုံ့ပြန်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းတို့မရှိကြောင်း၊ ၎င်းတို့ ၂ ဦးသည် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်ပါ ကြီးလေးသောပြစ်မှုကို ကျူးလွန်ခြင်းမရှိကြောင်း ခုံသမာဓိကောင်စီက သုံးသပ်ခဲ့ကြောင်းတွေ့ရသည်။

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရ အလုပ်သမားများလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် စပ်လျဉ်း၍ သာမန်ပြစ်မှုကျူးလွန်သူ အလုပ်သမားတစ်ဦးအား ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပါက ပထမအကြိမ်နှုတ်ဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ်စာဖြင့်သတိပေးခြင်း၊ တတိယအကြိမ်ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်းစသည့် သတိပေးခြင်း ၃ ကြိမ်ပြုလုပ်ပြီးနောက် ထပ်မံကျူးလွန်ပါက အလုပ်မှရပ်စဲသည်အထိ အပြစ်ပေးနိုင်ကြောင်း၊ သာမန်ပြစ်မှုများ၏အမှတ်စဉ် ၁၄ တွင် အခြားဝန်ထမ်းများအား အရှက်ရစေရန်၊ နောက်ပြောင်ခြင်း၊ ဆဲဆိုခြင်း၊ ရန်ဖြစ်ခြင်းမပြုရ၊ ပြုလုပ်ခဲ့ပါက ထိရောက်စွာအရေးယူခြင်းခံရမည်၊ ရန်ဖြစ်ပါကအလုပ်မှနှစ်ဦးစလုံးထုတ်ပယ်ခြင်းခံရမည်ဟုဖော်ပြထားပြီး ကြီးလေးသောပြစ်မှုများ၏အမှတ်စဉ် ၄ တွင် အလုပ်ခွင်တွင် တစ်ဦးတစ်ယောက်အား အပြင်းအထန်နာကျင်မှုဖြစ်ပေါ်စေရန် ကိုယ်ထိလက်ရောက်ကျူးလွန်ပါက အလုပ်မှရပ်စဲသည်အထိ အပြစ်ပေးနိုင်သည်ဟုဖော်ပြထားကြောင်း၊ လျှောက်ထားသူအမှတ် (၂) (၃) မသင်းသင်းအေးနှင့် မသိမ့်သိမ့်ဦးတို့သည် ပြန်လည်တုံ့ပြန်ခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းတို့မပေါ်ပေါက်၍ မူလရာထူးတွင် ပြန်လည်ခန့်ထားရန် ရက်ပြည့်လုပ်သောလုပ်ခလစာဖြင့်ပေးချေရန် ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၅ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက တင်ပြသည်။

အလုပ်သမားရေးရာအငြင်းပွါးမှုဖြေရှင်းရေးနည်းဥပဒေ ၂၅ တွင် ခုံသမာဓိအဖွဲ့သို့မဟုတ် ခုံအဖွဲ့သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် တည်ဆဲအလုပ်သမားဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆုံးဖြတ်ချက်နှင့်သာဓကများကို အကိုးအကားပြု၍ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်မျှတစေရန် အောက်ပါအတိုင်းဆောင်ရွက်နိုင်ကြောင်းဖော်ပြထားသည် -

(က) အလုပ်ရှင်မှ အလုပ်သမား၏ မူလရာထူး သို့မဟုတ် အခြားသင့်လျော်သော ရာထူးတစ်ခုခုကို ပြန်လည်ခန့်အပ်စေရန်၊

(ခ) အလုပ်ပြန်လည်ခန့်အပ်စေရန်ဆုံးဖြတ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ သင့်လျော်သော ကြားကာလအတွက် နစ်နာကြေးပေးစေရန်၊

(ဂ) အလုပ်သမားများရရန်ရှိသည့် လုပ်ခလစာအပါအဝင် ငွေကြေးခံစားခွင့်များ ရရှိခံစားနိုင်စေရန်၊

(ဃ) ဆုံးဖြတ်ချက် သို့မဟုတ် စုပေါင်းသဘောတူညီချက်တစ်ခု၏ အကျိုးသက်ရောက်မှုကာလကို သတ်မှတ်ထည့်သွင်းရန်။

သက်သေခံချက်များအရ လျှောက်ထားသူအမှတ်(၂)နှင့်(၃)တို့သည် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်အရ အလုပ်သမားများလိုက်နာရမည့်စည်းကမ်း၊ သာမန်ပြစ်မှုများ၏အမှတ်စဉ် ၁၄ နှင့် ကြီးလေးသောပြစ်မှုများ၏အမှတ်စဉ်(၄)တို့အရ ပြစ်မှုကျူးလွန်ကြောင်းပေါ်ပေါက်မှုမရှိသည့်အတွက် ၎င်းတို့ ၂ ဦးအား အလုပ်ရှင်က အလုပ်မှထုတ်ပယ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပြီးငွေကြေးခံစားခွင့်များနှင့်တကွ အလုပ်ပြန်လည်ခန့်ထားစေခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၅ နှင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီဖြစ်ကြောင်းသုံးသပ်တွေ့ရှိရသည်။

ခုံသမာဓိကောင်စီသည် အငြင်းပွားသည့်ခိုက်ရန်ဖြစ်ပွားမှုကို နှစ်ဖက်ဖြစ်ပွားသည့် ရန်ပွဲအဖြစ်သတ်မှတ်ရန်မဖြစ်နိုင်ကြောင်း၊ လျှောက်ထားသူအမှတ်(၂)နှင့်(၃)တို့သည် အလုပ်ခန့်ထားမှု သဘောတူညီချက်ပါ ကြီးလေးသောပြစ်မှုကို ကျူးလွန်ခြင်းမရှိကြောင်း လက်ခံသုံးသပ်ခဲ့သော်လည်း ၎င်းတို့ ၂ ဦးအား အလုပ်ပြန်လည်ခန့်ထားစေခဲ့သည့် ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခဲ့ခြင်းသည် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ၂၅ နှင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

အမှုခေါ်စာချွန်တော်အမိန့်သည် တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့်ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာဖြစ်သည်။

ထို့ကြောင့် ဤ တရားမအထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ ခုံသမာဓိကောင်စီ၏ အငြင်းပွားမှုအမှတ် ၅၂/၂၀၁၅ တွင် ၁၆-၁၁-၂၀၁၅ ရက်စွဲဖြင့်ဆုံးဖြတ်ချက်အပိုဒ်(ခ)ပါ မသိမ့်သိမ့်ဦးနှင့် မသင်းသင်းအေးတို့နှင့် ပတ်သက်၍ နို့တစ်ကြေးတစ်လစာအပါအဝင် တစ်လရက်ပြည့် လုပ်ကိုင်ခဲ့သည့် ၈/၂၀၁၅ လစာ(OT မပါ)ဖြင့် တစ်ဦးချင်းစီ၏လုပ်သက်အလိုက်အလုပ်ထုတ် နစ်နာကြေးခံစားခွင့် ပေးရန်ဆုံးဖြတ်ခဲ့သည့် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်ကို အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့် ပယ်ဖျက်လိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏အငြင်းပွားမှုအမှတ် ၈၃/၂၀၁၅ တွင် ၁၆-၁၀-၂၀၁၅ ရက်စွဲဖြင့် ဆုံးဖြတ်ခဲ့သည့်ဆုံးဖြတ်ချက်အပိုဒ်(ခ)နှင့်(ဂ) ပါ လျှောက်ထားသူအမှတ် (၂) (၃) မသိမ့်သိမ့်ဦးနှင့် မသင်းသင်းအေးတို့ ၂ ဦးနှင့်ပတ်သက်၍ ရက်ပြည့်လုပ်ခလစာဖြင့် မူလရာထူးတွင် အလုပ်ပြန်လည်ခန့်ထားရန်နှင့် ၎င်းတို့ ၂ ဦးအား အလုပ်ထုတ်ပယ်သည့်နေ့မှ အလုပ်ပြန်ခန့်သည့်နေ့အထိကာလအတွင်း ရရန်ရှိသောလုပ်ခများကို ပြန်လည်ထုတ်ပေးရန် ဆုံးဖြတ်ချက်ကိုပြန်လည်အတည်ပြုသည်။

အမှုသည်များသည် မိမိတို့ကုန်ကျသောတရားစရိတ်ကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

ပုံ ××× 
(ဦးထွန်းထွန်းဦး)
ပြည်ထောင်စုတရားသူကြီးချုပ်

ပုံ ××× 
( ဦးမြင့်အောင် )
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

ပုံ ××× 
( ဦးမြသိမ်း )
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

"မိတ္တူမှန်"

( မိုးမိုးဆိုင် )
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

မပုံစံအမှတ် ၆၅။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ထုံးပုံကျအပြီးသတ်အမိန့်

## ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၅၇

| | | |
|---|---|---|
| ၁။ ကိုကျော်ကျော်မြင့်<br>၂။ မသိမ့်သိမ့်ဦး<br>၃။ မသင်းသင်းအေး | နှင့် | ၁။ ခုံသမာဓိကောင်စီ<br>အလုပ်သမားရေးရာဆက်ဆံရေး<br>ဦးစီးဌာန<br>အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန<br>၂။ ခုံသမာဓိအဖွဲ့<br>အလုပ်သမားရေးရာဆက်ဆံရေး<br>ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး<br>၃။ ဒေါ်ကျင်အေး |
| လျှောက်ထားသူ | | လျှောက်ထားခံရသူများ |

### လျှောက်ထားချက်

လျှောက်ထားသူကိုကျော်ကျော်မြင့် ပါ-၃ဦးမှ ခုံသမာဓိကောင်စီ ပါ-၃ဦးအပေါ် အမှုခေါ်စာချွန်တော်နှင့်တားမြစ်စေစာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးပါရန် လျှောက်ထားခြင်း။

လျှောက်ထားသည့်နေ့စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့။

အမိန့်ချမှတ်သည့် နေ့စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၁၅ ရက်နေ့။

### အမိန့်

ဤတရားမအထွေထွေလျှောက်ထားမှုကိုခွင့်ပြုသည်။ ခုံသမာဓိကောင်စီ၏အငြင်းပွါးမှုအမှတ်-၅၂/၂၀၁၅ တွင် ၁၆-၁၁-၂၀၁၅ ရက်စွဲဖြင့် ဆုံးဖြတ်ချက်အပိုဒ်(ခ)ပါ မသိမ့်သိမ့်ဦး၊ မသင်းသင်းအေးတို့နှင့် ပတ်သတ်၍ နို့တစ်ကြေးတစ်လစာအပါအဝင် တစ်လရက်ပြည့် လုပ်ကိုင်ခဲ့သည့် ၈/၂၀၁၅ လစာ(OTမပါ)ဖြင့် တစ်ဦးချင်းစီ၏လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ပေးရန် ဆုံးဖြတ်ခဲ့သည့် ခုံသမာဓိကောင်စီ၏ဆုံးဖြတ်ချက်ကို အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏အငြင်းပွါးမှုအမှတ်-၈၃/၂၀၁၅ တွင် ၁၆-၁၀-၂၀၁၅ ရက်စွဲဖြင့်ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်အပိုဒ်(ခ)နှင့်(ဂ)ပါ လျှောက်ထားသူအမှတ်-(၂)(၃) မသိမ့်သိမ့်ဦးနှင့်မသင်းသင်းအေးတို့နှင့်ပတ်သက်၍ ရက်ပြည့်လုပ်ခလစာဖြင့် မူလရာထူးတွင်အလုပ်ပြန်လည်ခန့်ထားရန်နှင့် ၎င်းတို့နှစ်ဦးအားအလုပ်ထုတ်ပယ်သည့်နေ့မှအလုပ်ပြန်ခန့်သည့်နေ့အထိ ကာလအတွင်းရရန်ရှိသောလုပ်ခများကို ပြန်လည်ထုတ်ပေးရန်ဆုံးဖြတ်ချက်ကို ပြန်လည်အတည်ပြုသည်။

အမှုသည်များသည် မိမိတို့ကုန်ကျသောတရားစရိတ်ကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

## စရိတ်များ

| | လျှောက်ထားသူ | | အလျှောက်ခံရသူ | |
|---|---|---|---|---|
| | ကျပ် | ပြား | ကျပ် | ပြား |
| ၁။ အမိန့်ဆင့်စာခမပါဘဲရုံးခွန်တော် | - | - | - | - |
| ၂။ အမိန့်ဆင့်စာခ | - | - | - | - |
| ၃။ သက်သေများစရိတ်ငွေ | - | - | - | - |
| ၄။ ရှေ့နေခ | - | - | - | - |
| ၅။ အထွေထွေစရိတ်များ (ကော်မရှင်အခ အစရှိသည်စရိတ်များ)။ | - | - | - | - |
| ၆။ ပေါင်း | - | - | - | - |
| ၇။ အနိုင်ရသူအမှုသည်သို့ပေးသောစရိတ် | - | - | - | - |

အမှတ်(၁)ကိုယ်တိုင်လာ၍အမှတ်(၂)(၃) အတွက်ရေးသားလျှောက်လဲချက်တင်သည်။

(၁) အတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုခင်

(၃) အတွက် တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်မိုး

လျှောက်ထားသူရှေ့နေ။

လျှောက်ထားခံရသူရှေ့နေ။

၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၁၅ ရက်နေ့။

**"မိတ္တူမှန်"**

(မိုးမိုးခိုင်)
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(မိုးမိုးခိုင်)
လက်ထောက်ညွှန်ကြားရေးမှူး

လက်မှတ်ထိုးသည့်နေ့စွဲ။